## မိတ်ဆွေ ယေရှု

ငါတို့ပြစ်နှင့် ဝမ်းနည်းခြင်းများ ခံရန် မိတ်ဆွေယေရှုရှိ ဆုတောင်းခြင်းဖြင့် ထံတော်ချဉ်းကပ် ခွင့်သည် အံ့ဘွယ် ဖြစ်ပေ၏။ ငြိမ်သက်ခြင်းကို ကြိမ်ဖန် စွန့်ပစ် မခံသင့် ဝန်ထမ်းခဲ့ပြီ၊ ကိုယ်တော်ထံတွင် ဆုတောင်း ခြင်းဖြင့် မယူဆောင်ခြင်းကြောင့် ဖြစ်သည်။

ငါတို့သည်စုံစမ်းနှောက်ယှက်ခြင်းဆင်းရဲဒုက္ခ ရှိသလား ဘယ်ခါမျှ စိတ်မပျက်စေရာ ဆုတောင်းလျက် ထံတော်ချဉ်းပါ။ ဝမ်းနည်းခြင်း မျိုးခံမိတ်ဆွေလို သစ္စာရှိသူတွေ့မည်လား။ ငါတို့အားနည်းခြင်း ယေရှုသိ ဆုတောင်းလျက် ထံတော်ချဉ်းပါ။

ပင်ပန်းလှစွာ ဝန်ထုပ်လေး၍ အားနည်းလျက် ရှိကြသလား ကယ်တင်ရှင် မှီခိုရာဖြစ်ပေ ဆုတောင်းလျက် ထံတော်ချဉ်းပါ။ မိတ်ဆွေများ ရွံ့ရှာ စွန့်ပစ်လျှင်၊ ဆုတောင်းလျက်ထံတော် ချဉ်းပါ။ လက်တော်ဖြင့် ကွယ်ကာ စောင့်မမည်။ ထိုမှာ နှစ်သိမ့်ရာကိုရှာ။

## ကားတိုင်မှာ

ကိုယ်တော် ဝန်ခံ မှုတော်ဆောင်ရွက်
ကျွန်ုပ်အလျှင်းမရှက်
နှုတ်ကပတ်တော် ချီးမွမ်းမြွက်ဆို
တိုင်တော်မြတ်ဝါကြွားရာ

တိုင်တော်တွင် တိုင်တော်တွင် ပထမအလင်းမြင်
ကျွန်ုပ်နှလုံးမှ ဝန်ထုပ်လိုမ့်သွား၏။
ထိုမှ ယုံခြင်းဖြင့် အလင်းကိုမြင်သည်။
ယခု တစ်နေ့လုံးဝမ်းမြောက်လျက်ရှိ။

ယေရှုနာမ တော်မြတ်သိ၏။
ထိုနာမကို ယုံကြည်၊
ကျွန်ုပ် ဝိညာဉ် ရှက်ခြင်း ကင်းစေ၊
မျော်လင့်ခြင်းလည်း တည်စေ။

ပလ္လင်တော်မြတ်ခိုင်ခံသည်နည်း။
ကတိတော်မြတ်တည်၏
လက်တော်ထဲမှာ အပ်ထားသမျှ
ကိုယ်တော် စောင့်ထိန်းနိုင်ပါ။

### ယေရှုထံသို့ လာခြင်း

ကားတိုင်သို့ ကျွန်ုပ်လာသည်၊ ဆင်းရဲ မျက်စိ ကန်းနွမ်းပါး။
ကောင်းမှုများ အလျှင်းမရှိ၊ ကယ်တင်ခြင်း မှန်တွေ့နိုင်ရာ။
**မင်္ဂလာရှိ သိုးသူငယ်၊ ကိုယ်တော်ကို ကျွန်ုပ်ကိုးစား**
**ရှိသေစွာ ဦးညွှတ်မှီဝဲ၊ ယေရှုခု ကယ်တော်မူပါ။**
ကြာကြာကျွန်ုပ်ဆိုးအားကြီး၊ ကိုယ်တော်ကို ကျွန်ုပ် အောက်မေ့။
ယေရှုချိုသံကြားပါပြီ၊ သင့်အပြစ် ငါ့သွေးနှင့်ဆေး

ရောဂါမျိုး လုံးစုံကင်းရှင်း၊ ကျွန်ုပ်ကို စုံလင်စေ၍
ကြွလာပြီ ကျွန်ုပ်သခင် ကိုယ်တော်၌ ဘုန်းရှိပါစေ။

## ကျေးဇူးတော်မှ တစ်ပါး

ကျွန်ုပ်အသက်အတွက် အသက်ပေးသူ
ကျွန်ုပ်အပြစ်အတွက် ကိုယ်စား ထမ်းရွက်လေသူ
ကျွန်ုပ်ဘဝရဲ့ အဆိုးများ လွှင့်စေတဲ့သူ

ဖြောင့်မတ်ခြင်းကို ပေးသူ
သခင့်ရဲ့ ကရုဏာ တရား အပြည့်ဝခံယူ
ကျွန်ုပ်ဘဝရဲ့ အဓိပ္ပယ် ပြည့်စေတဲ့သူ

အကြီးမြတ်ဆုံးသော ဘုရား
ကိုယ်တော်ရှင်သာ ထာဝရပါ
မြေမှုန့်ထဲမှ ကျွန်ုပ်အား ရွေးနှုတ်ခြင်းက
သခင့်အတွက်ပါ ယေရှုရှင် ကိုယ်တော် တစ်ပါးသာ
ကမ္ဘာအဆက်ဆက် ဘုန်းကြီးစေပါ

အနိမ့်အမြင့် အတက်အကျ
ဘယ်လိုအရာတွေ ကြုံတွေ့လာ
ကိုယ်တော် ကျွန်ုပ်ရဲ့ အနားနား
အမြဲတမ်းရှိခြင်းက တစ်သက်စာ
ဒီဘဝမှာ ကျေးဇူးတော်မှ တစ်ပါး
အခြားသော မင်္ဂလာ ကျွန်ုပ်၌ မရှိပါ။

## ချီးမွမ်းမကုန်

မနက်ခင်း အလင်းတန်းလေးနှင့်အတူ
ကိုယ်တော်ဘုရားရဲ့ကောင်းကြီးတွေ
ပြည့်လျှံနေ ကျွန်ုပ်ရဲ့ အသက်တာထဲ
နေ့တိုင်း စားသောက်ခွင့်ပေးတယ်
ကိုယ်တော်ဘုရားကျေးဇူးတွေ
ချီးမွမ်းမကုန်နိုင်ဘူး

မှားယွင်းမှုနဲ့ ပြည့်နေတဲ့ဘဝထဲ
ကိုယ်တော်သနားတယ်
အပြစ်နဲ့ ပြည့်တဲ့ ကျွန်ုပ်ရဲ့အသက်တာကို
အားနည်းချက်နဲ့ ပြည့်နေတဲ့ဘဝထဲ
ကိုယ်တော်ကယ်နုတ်တယ်
ဘာမှမရှိတဲ့ ကျွန်ုပ်ရဲ့ အသက်တာကို

မှောင်မိုက်သော ကျွန်ုပ်၏လမ်းခရီးကို
ကိုယ်တော်ဘုရားရဲ့ မေတ္တာနဲ့
လမ်းပြတဲ့ ကျွန်ုပ်ရဲ့ အသက်တာထဲ
မျှော်လင့်ခြင်းမဲ့ခဲ့တဲ့နေ့တွေ မျှော်လင့်ခြင်းများ
ပြည့်စေတယ် ကျွန်ုပ်ဘဝ အနာဂါတ်ထဲ

### ကျေးဇူးတင်တယ်

ရွံ့ရှာဖွယ် အပြစ်သားအတွက် သက်ပေးဝံ့သူ
ကိုယ်တော်ရှင် တစ်ပါးတည်းရှိနေတယ်

ဘယ်လိုအခြေအနေ ဘယ်လိုလူသားမျိုးမဆို
ကိုယ်တော်ရှင် အမြဲတမ်း ချစ်နေတယ်

မြင့်မြတ်တဲ့ အသွေးတော် သူလေ သွန်းကာရယ်
အပြစ်သား ကျွန်ုပ်အတွက် သက်ကို စတေး

[ကိုယ်တော်ကို သိပ်ကျေးဇူးတင်တယ်၊ အစဉ်ထာဝရ ချီးမွမ်းနေမယ်
ဒီရင်မှာ စကားတစ်ခွန်းကို အချိန်တိုင်း အမြဲတမ်း ပြောပါရစေ]
ကျေးဇူးတင်တယ်။